ခင်ကျော်ဟန် (ရေနံချောင်း)

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ် ၉၇/ခ၊ အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

၂၀၀၈ ခုနှစ်၊ မေလ (၁၀)ရက်
၁၃၇၀ ခုနှစ်၊ ကဆုန်လဆန်း (၆)ရက်

## အထူးကြေညာချက် – ၁၀ / ၀၅ / ၀၈

၂၀၀၈ ခုနှစ် မေလ (၂)ရက်နှင့် (၃)ရက်နေ့တို့တွင် ပြင်းထန်သော နာဂစ်မုန်တိုင်းကြီး တိုက်ခတ်သောကြောင့် ပြည်သူများ သိန်းဂဏန်းနှင့်ချီ၍ သေဆုံးဒဏ်ရာရခြင်း၊ အိုးအိမ်၊ စည်းစိမ်ဥစ္စာများ မကြုံစဘူး အဆမတန် ထိခိုက်ပျက်စီး ဆုံးရှုံးခဲ့ရခြင်းတို့ ရှိခဲ့ပါသည်။

ထို့အပြင် ယင်းမုန်တိုင်းကြီးဒဏ်ကြောင့် ကံအားလျော်စွာ အသက်မသေ ရှင်သန်ခဲ့ကြရသော ပြည်သူလူထုအများစုကြီးမှာလည်း အစာရေစာ ပြတ်လပ်ခြင်း၊ သောက်သုံးရေ မလုံလောက်ခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှု မပြည့်ဝခြင်းတို့ကြောင့် ဝမ်းရောဂါများ စတင်ဖြစ်ပွားလာခြင်း စသည့်နောက်ဆက်တွဲ အကျိုးဆက်များမှာ ကပ်ရောဂါဆိုးကြီးပမာ ဖြစ်လာနေပါသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် မိမိတိုင်းသူပြည်သားများ၏ အသက်ဘေးအန္တရာယ်ကို ကာကွယ်စောင့်ရှောက်ရန်နှင့် ဆက်လက်အသက်ရှင်နိုင်ရေးတို့အတွက် တာဝန်ရှိခဲ့သည်။ သို့ပါလျက် ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအကူအညီများကို အာဏာပိုင်တို့က အကန့်အသတ် အတားအဆီး အမျိုးမျိုး ပြုလုပ်လျက်ရှိပါသည်။ ထို့ကြောင့် အသေအပျောက်များ တစ်နေ့တစ်ခြား တိုးပွားလာနေပါသည်။ ယင်းတို့ အသေအပျောက်အပျက်အစီးများ တိုးပွားလာခြင်းနှင့် ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်ဥစ္စာ၊ လုံခြုံမှု မရှိခြင်းတို့အတွက် အာဏာပိုင်တို့တွင် လုံးဝတာဝန်ရှိပါသည်။ ထိုသို့တာဝန်ရှိပါလျက် အာဏာပိုင်တို့သည် ပြည်သူလူထုအား ကယ်ဆယ်ရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်ခြင်းမရှိပဲ နိုင်ငံရေးကိစ္စဖြစ်သည့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကိုသာ ဦးစားပေးနေပါသည်။

အာဏာပိုင်တို့၏ လက်ရှိလုပ်ကိုင်နေသော သာမန်ကယ်ဆယ်ရေးလုပ်ငန်းများဖြင့် ယခုဖြစ်ပျက်နေသည့် အနေအထားတို့မှာ လုံးဝလုံလောက်မှုမရှိပါ။ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအသိုင်းအဝိုင်းက အလျင်မြန်ဆုံး ကူညီနိုင်မှသာ သက်သာရာရမည့် အခြေအနေမျိုးဖြစ်ပါသည်။ ယခုပင်လျှင် အခြေအနေတို့မှာ လွန်စွာနောက်ကျနေပြီးဖြစ်ပါသည်။

သို့ပါ၍ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် လူသာချင်းစာနာထောက်ထားမှု အကူအညီများနှင့် ကျွမ်းကျင်သော ပုဂ္ဂိုလ်များကို ဖြစ်သည့်နည်းလမ်းများဖြင့် အမြန်ဆုံး ချက်ချင်းရောက်အောင် ပေးပို့ကြပါရန်နှင့် ကယ်ဆယ်ရေးလုပ်ငန်းများကို အလျင်အမြန်ဆောင်ရွက်ပေးကြပါရန် ပြည်သူလူထုက ၎င်းတို့ကိုယ်စား လုပ်ပိုင်ခွင့်အာဏာ အပ်နှင်းထားသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ထပ်မံ၍ အလေးအနက် ပန်ကြားအပ်ပါသည်။ ကုလသမဂ္ဂအနေဖြင့် ပြည်သူပြည်သားများကို ကာကွယ်ပေးရန်တာဝန် (responsibility to protect civilly) ရှိသောကြောင့် လက်တွေ့ကျကျဆောင်ရွက်ပေးပါရန် တိုက်တွန်းလိုက်သည်။

၁၀–၅–၀၈ ရက်နေ့တွင် ကျင်းပသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏
အစည်းအဝေး ဆုံးဖြတ်ချက်အရ၊

ဗဟိုအလုပ်အမှုဆောင်အဖွဲ့

ခင်ကျော်ဟန် (ရေနံချောင်း)

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

ရန်ကုန်မြို့